**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

# မော်တော်ယာဉ်များဝယ်ယူခြင်းအပေါ် အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိရန် အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် မော်တော်ယာဉ်ဝယ်ယူခြင်းအတွက် အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံများအား တုပပြုလုပ်ခြင်းမှ ကာကွယ်တားဆီးနိုင်ရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများ ဆုံးရှုံးမှုမရှိစေရေးနှင့် မော်တော်ယာဉ်ဆိုင်ရာအခွန် စည်းကြပ်မှုများကို စနစ်တကျ မှတ်တမ်းတင်စစ်ဆေးနိုင်ရေးတို့အတွက် အခွန်ဆိုင်ရာကိစ္စရပ်များ စိစစ်ဆောင်ရွက်ပြီးစီးပါက အခွန်ထမ်းသို့ ထုတ်ပေးသည့် အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံတွင် မော်တော်ယာဉ်ဝယ်ယူသူ၏ သတင်းအချက်အလက်များနှင့် မော်တော်ယာဉ်ဆိုင်ရာ သတင်းအချက်အလက်များကို QR Scanner Application ဖြင့် စိစစ်နိုင်မည့် လုံခြုံမှုအဆင့် အတန်းပါဝင်သော IRD Documentation Stamp Label ကပ်နှိပ်၍ ထုတ်ပေးခြင်းအား ၁-၆-၂၀၂၀ ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးသည့် အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက်ပုံစံတွင် ကပ်နှိပ်ထားသည့် QR Code Stamp Label အား QR Scanner ဖြင့် ဖတ်ရှုခြင်းဖြင့် မိမိအခွန်ထမ်းဆောင်မှုအတွက် ထုတ်ပေးသော ထောက်ခံချက်များကို မှန်ကန်မှု ရှိ/မရှိကို စစ်ဆေးကြည့်ရှုနိုင်ပြီဖြစ်ပါသည်။

၃။ ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အချက်အလက်များကွဲလွဲမှုရှိပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပါရန်နှင့် တစ်ဦးတစ်ယောက်၏ အလွဲသုံးစားပြုမှုကြောင့် အချက်အလက်များမှားယွင်းမှုဖြစ်ပေါ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

# စာချုပ်စာတမ်းများအပေါ် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရန် အသိပေးနှိုးဆော်ခြင်း

၁။ ပြည်သူများအနေဖြင့် အစိုးရဌာနများနှင့်လည်းကောင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်အချင်းချင်းအနေဖြင့် လည်းကောင်း ဆောင်ရွက်သည့်ကိစ္စရပ်အလိုက် တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများကို ချုပ်ဆိုရာတွင် စာချုပ် မချုပ်ဆိုမီဖြစ်စေ၊ ချုပ်ဆိုသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည် ဖြစ်ကြောင်း မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

၂။ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းတွင် ထိုက်သင့်တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားခြင်း မရှိပါက အဆိုပါစာချုပ်စာတမ်းကို သက်သေခံအဖြစ် လက်ခံခြင်း၊ မှတ်ပုံတင်ခြင်း၊ မှန်ကန်ကြောင်း အသိအမှတ်ပြု သက်သေခံလက်မှတ်ရေးထိုးပေးခြင်းစသည်တို့ကို သက်ဆိုင်ရာဌာနတို့က ဆောင်ရွက်ပေးမည် မဟုတ်ပါ။

၃။ စာချုပ်စာတမ်းတစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ ထိုက်သင့်တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှုမရှိခြင်း သို့မဟုတ် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်ပမာဏ အပြည့်အဝထမ်းဆောင်ထားမှုမရှိခြင်းတို့ကို စိစစ် တွေ့ရှိပါက ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် သို့မဟုတ် ထပ်မံထမ်းဆောင်ရမည့် လိုအပ်သောတံဆိပ်ခေါင်းခွန် ပမာဏအပြင် ယင်းပမာဏ၏ ၃ ဆ နှင့် ညီမျှသောငွေကို ဒဏ်ကြေးငွေအဖြစ်ပေးဆောင်ပြီးမှသာ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၄။ စာချုပ်စာတမ်းအမျိုးအစားအလိုက် ထမ်းဆောင်ရမည့် ထိုက်သင့်တံဆိပ်ခေါင်းခွန်တန်ဖိုးနှင့် မည်သူက ပေးဆောင်ရမည် အစရှိသော မရှင်းလင်းသည့်ကိစ္စရပ်များကို ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန် ဦးစီးဌာနမှူးရုံးအသီးသီးတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ဆောင်ရွက်သည့်ကိစ္စရပ်အလိုက် ချုပ်ဆိုသော စာချုပ်စာတမ်းများ သက်သေခံခိုင်မာမှုရှိစေရေးအတွက် ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို ဥပဒေနှင့်အညီ အပြည့်အဝ ထမ်းဆောင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**